ဧကန်စင်စစ်၊ ငါကိုယ်တော်သည်

မြင့်မြတ်သည့်ကိုယ်ကျင့်တရားများကို

ပြည့်စုံစေရန်အတွက်သာ စေလွှတ်ခြင်းခံရတော်မူသည်။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ "ဧကန်စင်စစ်၊ ငါကိုယ်တော်သည်
မြင့်မြတ်သည့်ကိုယ်ကျင့်တရားများကို ပြည့်စုံစေရန်အတွက်သာစေလွှတ်ခြင်းခံရတော်မူသည်။"
[حسن] [رواه البخاري في الأدب المفرد وأحمد والبيهقي]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က အလ္လာဟ်အရှင်မြတ်သည် မိမိအားမြင့်မြတ်သည့်၊ကောင်းမွန်သည့်ကိုယ်ကျင့်တရားများကို ပြည့်စုံစေရန်အတွက်သာစေလွှတ်တော်မူကြောင်း မိန့်ကြားတော်မူခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် မိမိရှေ့ရှိ နဗီတမန်တော်အားလုံးတို့ပြီးနောက်စေလွှတ်ခြင်းခံရပြီး ၎င်းတို့၏လုပ်ငန်းကို ပြီးပြည့်စုံသည့်အဆင့်သို့ရောက်ရှိစေရန်နှင့် အာရပ်တို့၏ ရှိရင်းစွဲကောင်းမွန်သော စာရိတ္တများကိုပိုမိုပြည့်စုံစေရန် ဖြစ်သည်။ အာရပ်လူမျိုးတို့သည် သဘာဝအားဖြင့် ကောင်းမှုကိုနှစ်သက်ကြပြီး မကောင်းမှုကို မုန်းတီးကြသည်။ ၎င်းတို့သည် ဂုဏ်သိက္ခာရှိသူ၊ရက်ရောသူ၊ ရဲစွမ်းသတ္တိရှိသူများဖြစ်ကြသည်။ သို့ရာတွင် ၎င်းတို့၏ စာရိတ္တပိုင်း - ဥပမာ- မျိုးရိုးစဉ်ဆက်ကို ဝါကြွားခြင်း၊ မာနထောင်လွှားခြင်း၊ ဆင်းရဲသားကိုအထင်သေးခြင်းစသည့် စာရိတ္တပိုင်းတို့တွင် လိုအပ်ချက်များရှိခဲ့ရာ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် ထိုအားနည်းချက်များကို ပြုပြင်ဖြည့်စွက်ရန်စေလွှတ်ခြင်းခံရသည်။

http://www.sunnah.global/hadeeth/my/show/66233